mgyoe.com

SAMPLE BOOK



*cloud*



*water*



*food*

သစ္စာနီ

# နိုင်ငံရေးဝတ္ထု နိုင်ငံရေးကဗျာ

mgyoe.com

mgyoe.com SAMPLE BOOK

ယနေ့ကာလ မြန်မာပြည်၌ အဆူပွက်ဆုံးနှင့် အရေးအကြီးဆုံးကိစ္စမှာ နိုင်ငံရေးဆိုတာ ငြင်းမရ။ ထိုရိုက်ခတ်မှု၊ လှုံ့ဆော်မှုမှ ကင်းအောင်နေနိုင်သူ ရှားသည်၊ ကဗျာဆရာဆိုသူတွေကို နိုင်ငံရေးကိစ္စတွေထဲ၌ တွေ့နေရသည်။ သူတို့ နိုင်ငံရေးနဲ့ပတ်သက်သော ကဗျာတွေရေးသည်၊ (စာတွေရေးသည်။) ဘာမှ မဆန်း။

(စာရေးသူ၏ နိဒါန်းမှ)

mgyoe.com

Cover Art: Spitting Tongues
A Homage to Rene Magritte by Maung Day
www.maungday.blogspot.com

mgyoe.com

SAMPLE BOOK

တန်ဖိုး – ၁၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
တအုပ်အစီအစဉ် ၁၆၇

# နိုင်ငံရေး ဝတ္ထု
# နိုင်ငံရေး ကဗျာ

## သစ္စာနီ

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၂၅ ၄၈၄၈ ၀၄၈၀၉ ၇၃၀၂ ၇၆၆၉
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
နိုင်ငံရေး ဝတ္ထု၊ နိုင်ငံရေး ကဗျာ
သစ္စာနီ
ပထမအကြိမ်၊ နိုင်ဝင်ဘာ၊ ၂၀၁၅။
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့်အဖုံးပုံနှိပ်** – ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)၊အမှတ်၈၊ အိမ်ကြီးလမ်း၊ ၉ ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – မောင်ဒေး၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ ...


နိဒါန်း ● ၇

**နိုင်ငံရေးဝတ္ထု**

၁။ နိုင်ငံရေးဝတ္ထု ၁ ● ၉

၂။ နိုင်ငံရေးဝတ္ထု ၂ ● ၁၂

၃။ နိုင်ငံရေးဝတ္ထု ၃ ● ၁၅

၄။ နိုင်ငံရေးဝတ္ထု ၄ ● ၁၈

၅။ နိုင်ငံရေးဝတ္ထု ၅ ● ၂၁

၆။ လိမ္မော်ချိန် ● ၂၅

၇။ ငွေရတုလမ်းဆုံ ● ၂၈

၈။ ၈၈ ကား စီးဆင်းဆဲ ● ၃၇

၉။ ဖုန်းမော်အမှတ်တရနှင့် ကျွန်တော် ပတ်သက်သမျှ ...● ၄၁

**နိုင်ငံရေးကဗျာ**

၁။ ဖရန်ကင်စတိန် ● ၄၅

၂။ မြန်မာပြည် အရေပြားပေါ်က
ဖျက်မရတဲ့ တက်တူး ● ၄၇


mgyoe.com

mgyoe.com SAMPLE BOOK

၃။ ယုတ္တိဗေဒ ကွယ်လွန်ခြင်း ● ၄၉
၄။ လက်ပံတန်းကို ဝန်းရံကြ ● ၅၁
၅။ မြေဇာပင် အိပ်မက်များ ● ၅၃
၆။ ဆိုနေတဲ့သီချင်း
စုံစမ်းရေးကော်မရှင်ရဲ့ တစ်ဝက်တစ်ပျက် အစီရင်ခံစာ ● ၅၅
၇။ ရန်ကုန်တက္ကသိုလ် ● ၅၆
၈။ ၈၈၈၈ ● ၅၇
၉။ အရေးအသား ဒုတိယပုံစံ ● ၅၈
၁၀။ နာမည်တူ မရှား ● ၆၀
၁၁။ ရှစ်လေးလုံးအရေးတော်ပုံ ● ၆၂
၁၂။ နိုင်ငံရေးကဗျာ ● ၆၃
၁၃။ ၁၀ း ၁၀ ● ၆၆
၁၄။ ခေတ် ၁ ● ၆၈
၁၅။ ခေတ် ၂ ● ၆၉
၁၆။ ခေတ် ၃ ● ၇၀
၁၇။ ခေတ် ၄ ● ၇၁
၁၈။ ခေတ် ၅ ● ၇၂
၁၉။ ခေတ် ၆ ● ၇၃
၂၀။ ခေတ် ၇ ● ၇၄
၂၁။ ခေတ် ၈ ● ၇၅
၂၂။ ခေတ် ၉ ● ၇၆
၂၃။ ခေတ် ၁၀ ● ၇၇
၂၄။ ခေတ် ၁၁ ● ၇၈
၂၅။ ခေတ် ၁၂ ● ၇၉
၂၆။ ခေတ် ၁၃ ● ၈၀
၂၇။ ခေတ်ကဗျာများနှင့် ပတ်သက်၍ ... ● ၈၁

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

History is past politic, and politic is present history.

***Sir John Robert Seeley (1834-1895)***

*ဗြိတိသျှ သမိုင်းဆရာ*

ဤအတိုင်းဆို ...

ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ ဖြတ်သန်းနေရသော သမိုင်းသည် နိုင်ငံရေးပင် ဖြစ်သည်။ ထမင်းစားတာ၊ ကားစီးတာ၊ ဘောလုံးပွဲကြည့်တာကနေ ကဗျာရေးတာအထိပေါ့။

ယနေ့ကာလ မြန်မာပြည်၌ အဆူပွက်ဆုံးနှင့် အရေးအကြီးဆုံး ကိစ္စမှာ နိုင်ငံရေးဆိုတာ ငြင်းမရ။ ထိုရိုက်ခတ်မှု၊ လှုံ့ဆော်မှုမှ ကင်းအောင် နေနိုင်သူ ရှားသည်။ ကဗျာဆရာဆိုသူတွေကို နိုင်ငံရေးကိစ္စတွေထဲ၌ တွေ့နေရသည်။ သူတို့ နိုင်ငံရေးနဲ့ပတ်သက်သော ကဗျာတွေ ရေးသည်။ (စာတွေ ရေးသည်။) ဘာမှ မဆန်း။

ဤစာစုများမှာ ...

ထိုအထဲက တချို့ပင် ဖြစ်လေသည်။

*သစ္စာနီ*

*ဧပြီ၊ ၂၀၁၅။*

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံရေးဝတ္ထု ၁

တစ်နေ့ကတော့ နိုင်ငံရေးကို 'အခြေခံဥပဒေ ပြင်ဆင်ရေး' ဆေးရုံကို တင်လိုက်ရတယ်လို့ ကြားတယ်။ နဂိုကတည်းက ဒီကောင်က (နိုင်ငံရေးကို ပြောတာ) ကျန်းမာရေး ကောင်းလှတာ မဟုတ်ဘူး။ အဲဒီနေ့က နိုင်ငံရေးဟာ 'ရှစ်လေးလုံးရဲ့ ၂၅ နှစ်ပြည့်' မွေးနေ့ပွဲ သွားတယ်။ အပြန်မှာ ညီဟ္ထွန်းနဲ့ အတူတူ 'ဖက်ဒရယ်မူ'ဆိုတဲ့ အရက်ဆိုင် ဝင်ပြီး ခေါင်ရည်သောက်တယ်။ 'ငြိမ်းချမ်းရေး ဖော်ဆောင်ရေး'တစ်ပွဲ မှာပြီး အရက်နဲ့ မြည်းတယ်။ အဲဒီမှာ အထက်လှန် အောက်လျှော ဖြစ်တော့တာပဲ။ သူက သံပရာရည် ညှစ် လိုက်တယ် ပြောတယ်။ တော်သေးတာပေါ့။ ဒေါက်တာရန်မျိုးသိမ်းနဲ့ တွေ့ရင် ဗိုက်ခွဲခိုင်းမှာ သေချာတယ်။

ဒီကောင်ကလည်း ခပ်ဆိုးဆိုး။ ၁၈/၁ တို့၊ ၅၀၅ (ခ) တို့နဲ့ဆို ခဏ ခဏ ငြိတယ်။ ဆေးရုံပေါ်မှာ ညဘက်ထပြီး 'ပစ်ရင် မိုးပေါ်ထောင် မပစ်ဘူး' လို့ ကယောင်ကတမ်း အော်နေသေးတယ်။ တော်လှန်ရေးကောင်စီ နဲ့ ခလုတ်တိုက်ဖူးတာ သတိရသွားပုံရတယ်။ ဆရာဝန်တစ်ယောက် ရောက်လာပြီး ဆေးတစ်လုံး (ပွင့်လင်းမြင်သာမှုကို မိုးရေများများ ရော ထားတာ) ထိုးပေးလိုက်မှ ငြိမ်သွားတယ်တဲ့။ ဒီကောင်နဲ့ ကျွန်တော် သိတာတော့ ကြာပါပြီ။ 'ဦးသန့်' လက်ဖက်ရည်ဆိုင်မှာ ဆုံဖူးတာ။

mgyoe.com

mgyoe.com

SAMPLE BOOK

နောက်ပိုင်း 'မှိုင်းရာပြည့်'ဆိုင်လည်း သူ လာထိုင်တတ်တယ်။ တကယ်တော့ နိုင်ငံရေးဟာ နည်းနည်းတော့ မအူမလည် နိုင်တယ်။ ဗိဇာ မပါဘဲနဲ့လည်း အကျဉ်းထောင်ထဲက ငရဲပြည်ကို အလည်ရောက်ဖူးတယ်။ ပါတီကြီးတစ်ခုနဲ့လည်း နိုင်ငံရေးဟာ ခဏ အိမ်ထောင်ကျလိုက်သေးတယ်။ နောက် သဘောထားခြင်း မတိုက်ဆိုင်လို့တဲ့ ကွာလိုက်တယ်။

နိုင်ငံရေးဟာ ပေါ်ဦး (မင်းကိုနိုင်)၊ ကျော်မင်းယု (ဂျင်မီ) တို့နဲ့ သူငယ်ချင်းတဲ့။ အောင်ဒင်တို့၊ မောင်မောင်ကျော်တို့နဲ့ဆို ထိပ်ပုတ်ခေါင်းပုတ်တဲ့။ နည်းနည်းကြွားတာလည်း ပါတာပေါ့။ 'ရွှေဝါရောင် တော်လှန်ရေး' နဲ့လည်း သူ ငြိစွန်းဖူးသလိုလို ပြောတတ်သေးတယ်။ (ခင်ဝင့်ဝါနဲ့ မမှားကြပါနဲ့) အခုတော့ ၂၀၁၅ မှာ ရွေးကောက်ပွဲ ဝင်မလိုလို ပြောနေသေးတယ်။ သူ့ရည်ရွယ်ချက်က လွှတ်တော်ထဲ သွားငိုက်မလို့တဲ့။ ဒီကောင်က ရိုးတော့ ရိုးတယ်။ စီးပွားရေးတွေ၊ ဘာတွေလည်း မလုပ်တတ်ပါဘူး။ 'မြန်မာ့နွေဦး'ဆိုတဲ့ သီချင်းခွေ ထုတ်တယ်။ ခိုးကူးနဲ့တွေ့တော့ ရှုံးတယ်။ ဟိုတလောက တွေ့တော့ ... စီးပွားဖြစ် ခွပ်ဒေါင်းမွေးမြူရေး လုပ်မယ် ပြောနေသေးတယ်။ ဒီကောင့်လေသံက သူ့သူငယ်ချင်း မီးတုတ် (ညီညီထွန်း) လေသံနဲ့ တူနေပြန်ရော။ သူတို့အဖွဲ့ထဲ ခင်ဇော်တို့၊ မင်းဟန်တို့တော့ မရှိတော့ဘူး။ သူ တစ်ခါတလေ စိတ်ကောင်းဝင်နေတဲ့အခါ 'ငါ မသေခင် ဒီမိုကရေစီဆိုတာ မြင်သွားချင်တယ်ကွာ' လို့ ပြောတတ်သေးတယ်။ 'မြစ်ဆုံဆည်'တို့၊ 'လက်ပံတောင်းတောင်'တို့ ဗီဒီယိုကားတွေထဲမှာ မထင်မရှား သရုပ်ဆောင်ခဲ့ရတာကိုလည်း ဒီကောင် ဂုဏ်ယူတယ်။ 'ကတုံး (ဇာဂနာ) နဲ့ တစ်ကားလောက် တွဲရိုက်ချင်တယ်'လို့ ပြောသေးတယ်။

ဒီကောင် ဆေးရုံကဆင်းတော့ အိမ်ရောက်လာတယ်။ တွေ့တွေ့ချင်း 'မင်းက ပီအာ (proportional representation) လားလို့ မေးသေးတယ်' သိလျက်သားနဲ့ ရန်လုပ်တာ။ ကျွန်တော်က 'မျိုးစောင့်ဥပဒေ'နဲ့ ညှော်ခံတော့ ငါနဲ့ မတည့်ဘူး ပြောတယ်။ 'ငါလည်း ခပ်လွယ်လွယ် အလုပ်တစ်ခုလောက် ရှာနေတာ။ သမ္မတအကြံပေးအဖွဲ့ထဲ ဝင်ရရင် ကောင်းမလား'တဲ့။ ဒါကတော့ ပြက်လုံးပါ။ ဆက်ပြောသေးတယ်။ 'စုံစမ်းရေး ကော်မရှင် တစ်နေရာဆိုလည်း မဆိုးပါဘူး'တဲ့။ ဒီကောင်က

mgyoe.com

mgyoe.com
SAMPLE BOOK


အဲဒီလိုကောင်။ သူ့ကို ၁၉၆၂ သမဂ္ဂအဆောက်အအုံ ဖုံးခွဲခံရတဲ့နေ့ မွေးတာ။ သူ့အရပ်က ဒေါ်အောင်ဆန်းစုကြည် ပဝါလောက် ရှည်တယ်။ သူ့အသားက သမ္မတရဲ့ တိုက်ပုံလောက် ဖြူတယ်။ သူ့ကိုယ်အလေးချိန်က လွှတ်တော်ဥက္ကဋ္ဌရဲ့ ကုလားထိုင်လောက် ရှိတာပေါ့။ သူ့နာမည်က နိုင်ငံရေးလေ ...။

*(မည်သူ့ကိုမှ မရည်ညွှန်းပါ)*

*လှိုင်းသစ်မဂ္ဂဇင်း*

*အောက်တိုဘာ၊ ၂၀၁၃။*

mgyoe.com

mgyoe.com SAMPLE BOOK

## နိုင်ငံရေးဝတ္ထု ၂

သူ့ကို ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံ ဖိုးခွဲခံရတဲ့နေ့ မွေးတာ။ သူ့အရပ်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပဝါလောက် ရှည်တယ်။ သူ့အသားက သမ္မတရဲ့တိုက်ပုံလောက် ဖြူတယ်။ သူ့ကိုယ်အလေးချိန်ကတော့ လွှတ်တော်ဥက္ကဋ္ဌရဲ့ ကုလားထိုင်လောက် ရှိမှာပေါ့။ သူ့နာမည်က နိုင်ငံရေးလေ။

အတိတ်နိမိတ်လား မသိဘူး။ သူ မမွေးခင် ကောင်းကင်မှာ 'အိုးဝေ၊ အိုးဝေ' ဆိုတဲ့ ဒေါင်းတွန်သံတွေ ပတ်ဝန်းကျင်က ကြားရတယ်တဲ့။ သူက မွေးကတည်းက အာဏာရှင်စနစ်နဲ့ ဓာတ်မတည့်ရောဂါ ပါလာတယ်။ ပြီးတော့ ငယ်ငယ်ကတည်းက အစိမ်းရောင်ဆို မုန်းတယ်။ အသက်ကလေး ရလာတော့ ဒီမိုကရေစီဆိုတာကို ချစ်မိရော။ အဲဒီကတည်းက သူ ဒုက္ခရောက်တော့တာပဲ။ သူကတော့ ဖြောင့်ပဲ ညည်းညူတယ်။

'ဘာလုပ်ရမလဲကွာ။ ဒီလောက် စောင့်စားလာရတယ်။ ရတော့ ဒီမိုကရေစီက ကျပ်မပြည့်ဘူး'

လွှတ်တော်ထဲက အစိတ်သားကိစ္စကို ဆိုလိုဟန်တူပါတယ်။ ဘာပဲဖြစ်ဖြစ် ခေတ်ပြောင်းခဲ့ပြီဆိုတော့ ကျွန်တော်က ရှင်းပြပါတယ်။ ဒီတော့ မင်းက လော်ဘီ (lobbyist) လားတဲ့။ ဒါက အခုတလော ခေတ်အမီဆုံး ဆဲရေးတဲ့စကား ဖြစ်နေတယ်။ သူဝတ်ထားတဲ့အင်္ကျီက ပုံမကျပန်းမကျနဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK


သူနဲ့ ဘယ်လိုမှ မလိုက်ဖက်ဘူး။

'ဘယ်လိုဟာကြီးလဲ ဆိုတော့ ...'

'၂၀၀၈ အခြေခံဥပဒေလေတဲ့။ အဖေ အတင်းဝတ်ခိုင်းထားတာ'

'ပြင်လိုက်လေကွာ' ... ဆိုတော့။

'ပြင်ရ ကောင်းမလား၊ အသစ်ချုပ်ရ ကောင်းမလား ...' တဲ့။

အခုတလော ဒါပဲ။ ပြင်သစ်ကိစ္စပဲ ပြောနေကြတယ်။ ကျွန်တော်က သူ့ကို 'လူ့အခွင့်အရေး' စီးကရက်တစ်လိပ် ထုတ်တိုက်တယ်။ သူက အပြန်ပြန် အလှန်လှန် ကြည့်ရင်း ပေါ်တာဆိုလို့ ဟန်းဖုန်းနဲ့ ဒုဝန်ကြီးပဲ ရှိတယ်။ (ပေါသည် ဆိုခြင်းမှာ များပြားသည်ကို ရည်ရွယ်ခြင်း ဖြစ်သည်။) ဒီကောင် ဝတ်ထားတဲ့ ဝေါ့ကင်းရှူးက တော်တော်ကောင်းနေတယ်။ ဘာတံဆိပ်လဲ မေးတော့ ... 'ကင်တာနား'တဲ့။ မကြိုက်ရင်လည်း 'အိုအိုင်စီ' (OIC) ပြောင်းစီးမယ်တဲ့ ပြောသေးတယ်။ တစ်ခါတလေလည်း ဒီကောင်က ရက်ဒီကယ် ဆန်နေပြန်ရော။ လစ်ဘရယ်လောက်ဆို ဆော်ဒါတောင် မရောဘူး။

'မင်း ချမ်းသာချင်ရင်တော့ စိတ်ကူးမလွဲနဲ့။ ဟိုဆေး ဖော်ရောင်း' တဲ့။

'ဘာလဲ'မေးတော့ 'ပြည်တွင်းငြိမ်းချမ်းရေး'တဲ့။ ဒီရောဂါက နာတာရှည်ဖြစ်နေတာ ဆေးမြီးတိုနဲ့ ပျောက်မယ်မထင်။ မြန်မာပြည်မှာ လူမျိုး ၁၃၅ မျိုးရှိရာ ၁၃၅ ပုံ ပုံဝေရလျှင် ပြဿနာတွေ ပြေလည်မလား မသိ။

'မင်း ကျန်းမာရေးကိုလည်း ဂရုစိုက်ဦး'ဟု ကျွန်တော်က သူ့ပုံကို ကြည့်ကာ ပြောလိုက်သည်။ သူ့ပုံက အတော်ပင် နွမ်းနယ်ပုံ ပေါက်နေသည်။

'ငါ့အသက် ၅၀ ကျော်ပြီ။ မွေးကတည်းက ရခဲ့တဲ့ ရောဂါတွေက အမည်တပ်ရရင် ဆုံးနိုင်စရာမရှိဘူး။ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာစရာ ရှိတယ်။ ဒီကြားထဲ အုတ်နံရံနောက်မှာနေခဲ့ရတဲ့ နှစ်ကာလတွေက မနည်း။ ငယ်ချစ်ကို သတိရတုန်းဖြစ်ပုံရသည်။ အားယူပြုံးကာ ...

'ဒီမိုကရေစီမရရင် ငါ မသေသေးပါဘူး'ဟု ပြောသည်။ ဆက်၍ ...

mgyoe.com

mgyoe.com

SAMPLE BOOK

'မဆလ က ပေးတဲ့ အစာအိမ်ရောဂါနဲ့တောင် ငါ မသေခဲ့သေးတာပဲ' တဲ့။

'အခုတော့ ငါ့ဘဝက ဘုန်းကြီးကျောင်း အာရုံဆွမ်းစားရာမှာပါတဲ့ ဟင်းလေးအိုးနဲ့ တူနေတယ်'တဲ့။ ဟင်းလေးအိုးဆိုတာ နေ့ဆွမ်းစား၍ ကျန်သမျှ ဟင်းတွေ၊ အသီးအရွက်တွေကို အိုးတစ်ခုထဲ စုပြုံထည့်ကာ ရောမွှေချက်ထားသည့် ဟင်းတစ်မျိုးဖြစ်သည်။ အမယ်စုံနေသဖြင့် ဘယ် အရသာထွက်မှန်း ဝေခွဲပြောဆိုဖို့ ခက်ခက်။ ပြည်တွင်းငြိမ်းချမ်းရေး၊ အခြေခံဥပဒေ ပြင်ဆင်ရေး၊ မြစ်ဆုံဆည်၊ လက်ပံတောင်းတောင်၊ ဖက် ဒရယ်မူ၊ ၂၀၁၅ ရွေးကောက်ပွဲ၊ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ ဆင်းရဲသား ပပျောက်ရေး၊ လာဘ်စားမှုပပျောက်ရေး၊ ယိုယွင်းလာသော ပညာရေးစနစ်၊ လွှတ်တော်နှင့် အစိုးရနှင့် အတိုက်အခံပါတီများ၏ ပွတ်တိုက်မှု၊ လယ်သိမ်း မြေသိမ်းကိစ္စ၊ အလုပ်သမား သပိတ်များ ... စသဖြင့် ... စသဖြင့် ...

'မင်းက နိုင်ငံရေးလေ'လို့ သတိပေးရသေးတယ်။ တစ်နေ့ကတော့ သူ ဖုန်းဆက်ပြီးပြောတယ်။

'သမ္မတရုံမှာ 'ဟတ်ကော့'ဇာတ်ကား ပြနေတယ်။ ရယ်ရတယ်ကွ' တဲ့။

ကျွန်တော်က 'သမ္မတရုံလား၊ သမ္မတရုံးလား'လို့ မသဲကွဲတာနဲ့ ထပ် မေးရသေးတယ်။

ဒီတော့ ... 'မင်း ပြဿနာမရှာနဲ့'တဲ့။

*စုံနံ့သာမဂ္ဂဇင်း*

*ဇန်နဝါရီ၊ ၂၀၁၄။*

mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံရေးဝတ္ထု ၃

သူသည် 'သုံးသိန်းစိန်'ဟု အမည်ပေးထားသော နွားနို့ဆိုင်တွင် အမြဲထိုင်သည်။ ထိုဆိုင်မှ နွားနို့မှာ ရေအစိတ်သား (၂၅ ရာခိုင်နှုန်း) ရောထားမှန်း သိသော်လည်း သူ သည်းခံသောက်သည်။ သူတို့အရပ်မှာ တခြား သောက်စရာလည်း မရှိ။ သူ့နာမည်က 'နိုင်ငံရေး'။

သူ့ကို ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် သမဂ္ဂအဆောက်အအုံ ဗုံးခွဲခံရသောနေ့တွင် မွေးသည်ဟု ဆိုသည်။ သူ့အရပ်အမောင်းက ဒေါ်အောင်ဆန်းစုကြည် ပဝါစလောက် ရှည်သည်။ သူ့အသားက သမ္မတရဲ့ တိုက်ပုံအင်္ကျီလောက် ဖြူသည်။ သူ့ကိုယ်အလေးချိန်က လွှတ်တော်ဥက္ကဋ္ဌရဲ့ ကုလားထိုင်လောက် ရှိမည်။

'နိုင်ငံရေး'သည် ကျွန်တော့် ဝတ္ထုတိုနှစ်ပုဒ်တွင် ဇာတ်ကောင်အဖြစ် ပါဝင်ခဲ့ပြီးနောက် နာမည်ကြီး၍သွားသည်။ သူ့အကြောင်း မဖတ်ဖူးသူများပင် သူ့ကို သိကြသည်။ နေ့စဉ်ထုတ် သတင်းစာများနှင့် အပတ်စဉ်ထုတ် ဂျာနယ်များတွင် မျက်နှာဖုံးမှနေ၍ သူ့အကြောင်း ဖော်ပြကြသည်။ နိုင်ငံရေးသည် ဟိုကလေးမများလို ဘီကီနီ ဝတ်ပြစရာမလိုဘဲ နာမည်ကြီး၍နေ၏။ သို့သော် ... သတင်းစာဆရာကြီး ဦးဝင်းတင်ကတော့ 'အမှိုက်ပုံကြီး'ဟု ခေါ်ခဲ့သည်။ ဘာပဲပြောပြော နိုင်ငံရေးကား ယခုအချိန်

mgyoe.com

mgyoe.com
SAMPLE BOOK


တွင် စီလီဘရစ်တီတို့၏အရှင်သခင် ဖြစ်၍နေသည်။ မြန်မာပြည်တွင် ပါမောက္ခမှ အကြော်သည်အထိ သူ့ကို မသိသူ မရှိ။

နိုင်ငံရေးသည် 'အခြေခံဥပဒေ' အလုပြင်ဆိုင်ဖွင့်ပွဲသို့ တက်ရောက်ကာ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ 'မြစ်ဆုံ' ကွယ်လွန်ခြင်း နှစ်ပတ်လည် အခမ်းအနားသို့ ဝတ်စုံနက်ဝတ်၍ တက်ရောက်ကာ အောက်မေ့သတိရခြင်း စကားတွေ ပြောသည်။ 'ပြည်တွင်းငြိမ်းချမ်းရေး'အမည်ဖြင့် ရေမွှေးထုတ်ကာ ရောင်းသည်။ မွေးပြီး လမ်းဘေးတွင် စွန့်ပစ်ခံရသော 'သပိတ်စခန်း' ကလေးအဖေမှာ သူဟု စွပ်စွဲခံရသည်။ ဘာပဲပြောပြော ဒီကောင်က ကျွန်တော့် သူငယ်ချင်းပါ။ တလောက ဒီကောင် မော်တော်ဆိုင်ကယ် ဝယ်စီးသည်။ မော်တော်ဆိုင်ကယ်နာမည်က ပုဒ်မ ၁၈။ ပွတ်တိုက်မှုဖြစ်သဖြင့် ဒီကောင် ဆေးရုံတက်လိုက်ရသေးသည်။ ကြီးကြီးမားမား မထိခိုက်။ ပုဒ်မ ၁၈ ဆိုတာ မရှိသင့်ဘူးထင်တယ်ဟု ပြောသည်။ ဒါကိုတော့ 'နိုင်ကျဉ်း'တို့၊ 'နိုင်ချုပ်'တို့က ထောက်ခံကြသည်။

သူ့နာမည်က ခပ်ဆန်းဆန်း။ 'နိုင်ငံရေး'ကို သဘောကျကာ တုပမှည့်ထားသည့် သူ့မိတ်ဆွေများနာမည် ဖြစ်သည်။ တောခိုရာမှ မြေပေါ်ပြန်ရောက်လာသော သူ့မိတ်ဆွေတစ်ယောက်ကတော့ ခေတ်နဲ့ညီအောင်ဟုဆိုကာ 'နိုင်တော'ဟု မှည့်သည်။ သူက ထောင်မကျဖူးဘူး။ အရင်က လက်ဝဲ ခေါင်းရည်သမား ဖြစ်သည်။ အခုတော့ လစ်ဘရယ်ဒီမိုကရေစီဝီစကီတွေ၊ ဘာတွေ ကြိုက်နေပြန်သည်။ သူတို့က အာဏာရှင်နှင့် ခရိုနီအလေလိုက်ရာမှ ပေါက်ဖွားလာတာတွေကို သဘောမကျ။ အဲဒါတွေနဲ့ တကျက်ကျက်။ ဒီထဲမှာ ကိုမြေသိမ်းတို့၊ ကိုလယ်သိမ်းတို့လည်း ပါသည်။ သူ အလုပ်တွေရှုပ်နေသဖြင့် ကျွန်တော်နှင့် လူချင်းမဆုံဖြစ်တာ ကြာပြီ။ သို့သော် ကျွန်တော်ကတော့ အဝေးကပင် သူ့လှုပ်ရှားမှုတွေ တစေ့တစောင်း အကဲခတ်နေမြဲ။ ကျွန်တော်တို့နိုင်ငံက ပြဿနာတွေအများကြီး။ တစ်ခါတလေ သူ နှာစေးနေသည်။ တစ်ခါတလေ သူ ပေါက်ကွဲသည်။

'ငါကတော့ ဗိုက်လှန်မပြဘူး။ ပုဆိုးပဲ လှန်ပြမယ်'

ဒါက မိုက်ရိုင်းတာမဟုတ်။ သူ့ဒဏ်ရာဟောင်းက ဗိုက်မှာမရှိ။ ခြေသလုံးမှာပဲ ရှိသည်။ (သေနတ်မှန်တာ မဟုတ်ပါ။ ခွေးရူး အကိုက်ခံရ

mgyoe.com

mgyoe.com
SAMPLE BOOK


တာပါ။) ခွေးရူးတွေ သောင်းကျန်းသော ရာသီတစ်ခု ရှိခဲ့သည်။

'သူတို့မှာသာ လက်ဝါးပါတာ မဟုတ်ဘူးလေ။ တို့ကလည်း ကော်ပတ်ရုပ်တွေ မဟုတ်ဘူး'

သူ ပြောသမျှ၊ ပေါက်ကွဲသမျှ နားထောင်နေရသည်။ နောက်တော့ သူ စိတ်လျှော့လိုက်ပြန်သည်။

'တို့က ဘောင်ထဲက လုပ်နေရတာ။ တစ်ခါတလေ ကိုယ်က ငါးမျှားသူလား၊ ငါးလား ကွဲကွဲပြားပြား မသိရတဲ့အခါတောင် ရှိတယ်'

'မင်း ငါ့ဆီလာတာ ကိစ္စရှိလား'လို့ မေးမှ သူက သတိရသွားကာ ... 'အေး၊ တိုင်ပင်စရာရှိလို့'တဲ့။

သူ့ကို 'ရွှေးကောက်ပွဲ ၂၀၁၅' ရုပ်ရှင်ဇာတ်ကားတွင် အဓိကနေရာမှ ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းနေကြောင်း ပြောသည်။ သူသည် ယခင်က ရုပ်ရှင်ကားဟောင်း 'ရွှေးကောက်ပွဲ ၁၉၉၀'တွင်လည်း ပါဝင်သရုပ်ဆောင်ဖူး၏။ ဇာတ်ညွှန်းကိုကြိုက်၍ လက်ခံလိုက်သော်လည်း ဒါရိုက်တာက ပြင်ကာ သူထင်သလို ရိုက်သဖြင့် ထိုရုပ်ရှင်ကား ခွက်ခွက်လန်အောင် ရှုံးခဲ့သည်။

'ဒါရိုက်တာက အရင်ဒါရိုက်တာပဲလား' မေးတော့ ...

'အင်း ... လူကတော့ ဟုတ်တယ်။ ဒါပေမဲ့ နာမည်ပြောင်းထားတယ်' တဲ့။

'ပထမကားမှာ ကြည့်ပြီး မကျေနပ်တဲ့သူတွေက ငါ့ကို ဒီကားမှာ ထပ်ကြည့်ချင်နေကြတယ်'

ဒါက သူ့မျှော်လင့်ချက်။ ကျွန်တော်က မတားတော့။ တစ်ခုတော့ သတိပေးလိုက်သည်။

'မှတ်ထားကွာ။ မင်း သရုပ်ဆောင်တာပဲ ဖြစ်ပစေ။ ရုပ်သေးရုပ်တော့ မဖြစ်စေနဲ့'

*စုံနံ့သာမဂ္ဂဇင်း*

*မေ၊ ၂၀၁၄။*

mgyoe.com

mgyoe.com SAMPLE BOOK

## နိုင်ငံရေးဝတ္ထု ၄

အခုတလောဘဲ ...

နိုင်ငံရေး ဇာတ်ထောင်လိုက်သည်ဟု ကျွန်တော် ကြားရသည်။ ဇာတ်မင်းသားမှာ 'နေပြည်တော် မောင်ရစ်'တဲ့။ အရင်က စစ်မှုထမ်းဟောင်း ဟု ပြောကြသည်။ ယူနီဖောင်းချွတ်ကာ မင်းသားလို ဝတ်တော့လည်း မင်းသားပေါ့။ မောင်ရစ်က ဘီလူးက ကောင်းသည်ဟု နာမည်ကြီးသည်။ ဇာတ်အလိုအရ သူတော်စင် လုပ်ရပြီဆိုရင်လည်း အိုက်တင်က အပြည့်။ ဒါကြောင့်ပဲ မောင်ရစ်တို့ စင်ပေါ်က မဆင်းရတာပေါ့။

သူ့ဇာတ်ထဲမှာ လူပြက်တွေက ဘူးလက်ကြီးတဲ့၊ တစ်နပ်စားတဲ့၊ ဗိုက်လုန်ပြတဲ့၊ နယ်လှည့်ပါးရိုက်တဲ့၊ ဖယောင်းတိုင်တဲ့။ ဒီ ၅ ယောက် က ကျင်ဝက်တို့၊ ကြာစိတို့ရဲ့ ဖိုက်စတားအဖွဲ့ကို ကျော်တက်သွားသည်။ 'ဟားငါးကောင်'လည်း ကျန်ခဲ့ပြီ။ ထွက်သမျှ ဂျာနယ်တွေ၊ သတင်းစာ တွေမှာ သူတို့ ပြက်လုံးတွေ အမြဲပါနေတာပဲ။ သူတို့ပြောပြီဆို တစ် ပြည်လုံး အူတက်အောင် ရယ်ရသည်။ သို့သော် ...

တလောက မြို့ထဲမှာ နိုင်ငံရေးနဲ့ ကျွန်တော် တွေ့တော့ 'မင်း ဇာတ်ထောင်ထားတယ်ဆို၊ အခြေအနေက ဘယ်လိုလဲ ...'

ဒီတော့ နိုင်ငံရေးက စိတ်မသက်မသာပုံစံဖြင့် ...

mgyoe.com

mgyoe.com


'မစွံပါဘူးကွာ။ နာမည်ကြီး ထမင်းငတ်ပါ'

'ပွဲတိုင်း ရုံပြည့်တယ် ကြားပါတယ်'

'ပြည့်မှာပေါ့။ ကမယ့်နေရာ ကြိုပြီး ဖျာဝေထားတာလေ။ ရုံဝင်ခက အခမဲ့။ လာကြည့်တဲ့သူ ဒံပေါက်တစ်ထုပ် ပေးတယ်'

'အလကားရတဲ့ပွဲ လူတွေက ကောင်းကောင်း မကြည့်ဘူးဟေ့။ ပြောင်းဖူးရိုးနဲ့ပေါက်၊ ခဲနဲ့ပေါက် လုပ်သေးတယ်'

'ဘာဖြစ်လို့လဲဟ ...'

'နေပြည်တော် မောင်ရစ်လေ။ ငါပြောထားရဲ့သားနဲ့။ လူတွေ မကြိုက်တဲ့ဇာတ် သွားကတယ်။ 'ပီအာကို မောင်ကြင်နာပါ့မယ်' ဆိုတဲ့ဇာတ်'

ကျွန်တော် ဟားတိုက် ရယ်လိုက်သည်။ နိုင်ငံရေးက ...

'အခုတော့ ဇာတ်ခေါင်းကွဲပြီ'

'ဘာဖြစ်လို့လဲ ..'

'မင်းသမီး မျှော်တော်ယောင် ဒေဝီက ဆက်မကနိုင်တော့ပါဘူး ဆိုပြီး ထွက်သွားလို့။ ငါ စီစဉ်ထားတဲ့ 'လွှတ်တော် ရန်းတော်'ဆိုတဲ့ နှစ်ပါးသွားတောင် စင်မတင်လိုက်ရဘူး။ အခု ငြိမ်းပွင့်ဇာတ်ထဲ ရောက်နေသလို ကြားတယ်'

နိုင်ငံရေးရဲ့ ဒုက္ခကလည်း မသေး။ သူ့ကို ကျွန်တော် သိတာ ကြာပြီ။ သူ့ကို ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အအုံ ဗုံးခွဲခံရသောနေ့တွင် မွေးခဲ့ခြင်း၏။ သူ့အရပ်က ဒေါ်အောင်ဆန်းစုကြည် ပဝါစလောက် ရှည်သည်။ သူ့အသားက သမ္မတရဲ့တိုက်ပုံလောက် ဖြူသည်။ သူ့ကိုယ်အလေးချိန်က လွှတ်တော်ဥက္ကဋ္ဌရဲ့ ကုလားထိုင်လောက် လေးသည်။ သူ့နာမည်က နိုင်ငံရေးလေ။

သူက အင်းစိန် တောရ ယူနီဗာစီတီထွက်။ ထိုင်းနယ်စပ်က ဒုက္ခသည် တက္ကသိုလ်မှာ ဒေါက်တာဘွဲ့ရခဲ့သည်။ သခင်ကိုယ်တော်မှိုင်းမှ ဦးသန့်အထိ သူ ရင်းရင်းနှီးနှီး သိသည်။ မကြာခင်ကလည်း ခြေဥပြင်တို့၊ ငြိမ်းစုစီတို့နဲ့ သူ အလုပ်ရှုပ်နေသေးသည်။ လွှတ်ငြိမ်းချမ်းသာခွင့်နှင့် သူ ဖောက်သည်တွေဖြစ်နေတာ မဆန်းတော့။

mgyoe.com

SAMPLE BOOK

'ငါ ဂျာနယ်တစ်စောင် ထုတ်မယ်ကွာ'

မကြာခင်က နိုင်ငံရေးက ကျွန်တော့်ကို တိုင်ပင်သည်။ သူ့ မိတ်ဆွေ ညိုထွန်းက အဓိပတိ၊ ကိုလေး (၇၄) က ဟစ်တိုင်၊ ဇော်သက်ထွေးတို့က တူမောရိုး၊ မသီတာတို့က ပုံတင်သံ ... စသဖြင့် အင်းစိန်တောရယူနီဗာစီတီထွက်တွေ လုပ်နေတာမြင်ပြီး သူ အားကျနေသည်။ ကတုံး (ဓာဂနာ) တောင် စုံနံ့သာမဂ္ဂဇင်းထုတ်ပြီး ဟယ်လီကော်ပတာ ဝယ်စီးတော့မယ် ပြောတယ်ဟု ဆိုသေးသည်။ ဟိုပါတီ၊ ဒီပါတီတွေကလည်း ကြိတ်ပြီး ဂျာနယ်တွေ ထောင်ကြတာ သူပြောသည်။ ဒါက ရွေးကောက်ပွဲနီးလာတော့ ဩဇာထူထောင်ဖို့၊ ပါတီအကြောင်း ဝါဒဖြန့်ဖို့ စီစဉ်လာကြတာပဲ။ ကျွန်တော်က ...

'သတင်း ဘယ်ကရမလဲ' မေးတော့ သူက ...

'မပူနဲ့လေ။ သတင်းက အမြဲရှိနေတာပဲ။ ပြည်တွင်းငြိမ်းချမ်းရေး ဘာသာရေး ပဋိပက္ခ၊ သပိတ်၊ ဆန္ဒပြပွဲ၊ မြေသိမ်းယာသိမ်းအမှု၊ ဖက်ဒရယ်မူ၊ ဆင်းရဲသား ပပျောက်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ... ရေးပါလေ့ကွာ။ သတင်းတွေက ကုန်တောင် မကုန်ဘူး။ လာဦးမယ့် သတင်းအသစ်တွေလည်း ရှိသေးတယ်'

သို့သော် ... ကျွန်တော်နှင့် တိုင်ပင်သွားသော်လည်း နိုင်ငံရေးတစ်ယောက် ဂျာနယ်ထုတ်တာ မတွေ့သေးဘူး။

နောက်ဆုံးသတင်းအရတော့ နိုင်ငံရေးသည် ပါတီသစ်တစ်ခုကို အရေးပေါ် ထူထောင်လိုက်သည်။ သူ့ပါတီအမည်က 'ရေလိုက်ငါးလိုက် ဒီမိုကရက်တစ်ပါတီ ဗမာပြည်'တဲ့။ ပါတီတွေကို အစိုးရက မြေနေရာပေးမည်၊ ကား ၅ စီး ပါမစ်ပေးမည်ဟု ကြားရသဖြင့် ခါတော်မီ ထူထောင်လိုက်ခြင်း ဖြစ်နိုင်သည်။ အစိုးရပေးမည့် ပစ္စည်း မရသေးသော်လည်း နိုင်ငံရေးသည် နိုင်ငံရေးပါတီတစ်ခု၏ 'ဥက္ကဋ္ဌကြီး'ဟူသော နာမည်ရကာ ကျေနပ်နေလေသည်။

***Beauty* မဂ္ဂဇင်း**

***၂၀၁၄။***

mgyoe.com

mgyoe.com SAMPLE BOOK

## နိုင်ငံရေးဝတ္ထု ၅

နိုင်ငံရေးသည် ဟောင်ကောင်မှ လာသည်ဆိုသော အဝါရောင် ထီးကို ဆောင်းသည်။ ဘန်ကောက်ကလာသော အနီရောင် တီရှပ်ကို ဝတ်သည်။ 'ဝါရှင်တန်ကို သိမ်းပိုက်ကြ'ဟူသော စာတန်းပါသည့် ဘေ့စ်ဘောဦးထုပ် အဖြူကို ဆောင်းသည်။ 'အာရပ်နွေဦး'တံဆိပ် နေကာ မျက်မှန်ကို တပ်သည်။ ဘိုနို၏ ယူတူးစီးကရက်ကို ချေဂွေဗားရားဟန်နှင့် သောက်ရင်း ...

'၂၁ ရာစုမှာ တော်လှန်ရေးဆိုတာ ဖက်ရှင်ဖြစ်လာပြီကွ'

ဟု ဆိုလေသည်။ နိုင်ငံအတော်များများ ဒီမိုကရက်တစ်ယိမ်း ကနေကြသည်။ သူက ...

'အရှင်ဝီရသူ ရေးတဲ့ ဟစ်ဟော့သီချင်း နားထောင်ပြီးပြီလား'ဟု မေးသည်။ ကျွန်တော် နားမလည်။ နစ္စဂီတ ကင်းရမယ့် သာသနာ့ဝန်ထမ်း တစ်ဦးက ဘာကြောင့် သီချင်းရေးတာလဲ။ နိုင်ငံရေး သာသနာပြုနည်း ဖြစ်မည်။ ကျွန်တော် ဖတ်နေသော နိုင်ငံရေးသီအိုရီ စာအုပ်ကြီးများမှာ မြေပဲဆားလှော်ထုပ်ဖို့ပင် အသုံးမဝင်တော့သလို ဖြစ်နေပြီ။

'နိုင်ငံရေးနဲ့ ပေါ့ပ်ကားလ်ချား ရောသွားပြီ။ ဒါပေမဲ့ ပေါ်လတစ်ပဲ' တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK


ခေတ်ပေါ်ယဉ်ကျေးမှုနှင့် နိုင်ငံရေး၊ ခေတ်ပေါ်ယဉ်ကျေးမှုနှင့် အုပ်ချုပ်ရေး၊ ခေတ်ပေါ်ယဉ်ကျေးမှုနှင့် အနုပညာ၊ ခေတ်ပေါ်ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်း။ သူက လူထုခေါင်းဆောင် ဓာတ်ပုံတွေကို ပြသည်။ ဖက်ရှင်ဒီဇိုင်း ကောင်းသည်။ အရောင်အသွေး တောက်တောက်ပပ။ ကြွရွ လှပနေသည်။

ကျွန်တော်တို့ငယ်ငယ်က ငေးကြည့်ခဲ့ရသော နိုင်ငံရေးသမားများမှာ ပုဆိုးတိုတို၊ ပင်နီကြမ်းတိုက်ပုံ၊ ဆံပင်စုတ်ဖွား၊ ဆေးပေါ့လိပ် လက်ကြားညှပ်၊ ခုံဖိနပ် စီးလိုက်သေးသည်။ သူက ရှင်းပြသည်။

'အဲဒီကာလက ပစ္စည်းမဲ့လူတန်းစားကို ကိုယ်စားပြုတဲ့ နိုင်ငံရေးဝါဒ ရှင်သန် ရေပန်းစားတဲ့ ကာလကိုးကွ။ အခုခေတ်က လစ်ဘရယ် ဓနရှင် အယူဝါဒ ခေတ်စားတဲ့ကာလ။ ဝတ်ပုံစားပုံ ဘယ်တူနိုင်ပါ့မလဲ'

သူ့သုံးသပ်ချက်က မှန်သင့်သလောက် မှန်ပုံရသည်။

'ငါတော့ ထောက်ခံတယ်။ နိုင်ငံရေးသမား တစ်ယောက်ဟာ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် လူထုကို ဆွဲဆောင်သိမ်းဆည်းနိုင်တဲ့အစွမ်း ရှိရမယ်'

ကျွန်တော်က စောဒကတက်ကြည့်သည်။

'နိုင်ငံရေးမှာ အဝတ်အစားဟာ အရေးပါမှန်း ဟိုချီမင်းတစ်ယောက် သိမသွားရရှာဘူး။ မင်း ပြောသလိုသာဆို မဟတ္တမဂန္ဒီမှာ နောက်လိုက် တစ်ယောက်မှ ရှိမှာမဟုတ်ဘူး'

'သူတို့လား၊ သိပ်သိတာပေါ့။ မဟတ္တမဂန္ဒီဆိုရင် လူတွေက ဒီမလုံမလဲ လံကွတ်တီဖြူဖြူလေးပဲ ပြေးမြင်ကြတယ် မဟုတ်လား။ ဟိုချီမင်း ဆိုရင်လည်း ကားတာယာဟောင်းဖိနပ်စီးပြီး လယ်သမားဝတ်စုံ ဝတ်တယ်။ အဲဒါ သူတို့ရဲ့ imageပဲလေ။ ချေဂွေဗားရား၊ မော်စီတုံး အားလုံး ကိုယ်ပိုင် ဖက်ရှင်တွေ ရှိတယ်'

သူမတူတဲ့ လင်ကွန်းရဲ့ မုတ်ဆိတ်၊ ဟစ်တလာရဲ့ နှုတ်ခမ်းမွေး။ အဲဒါတွေဟာ လူတွေကို ဆွဲဆောင်ဖို့ တမင်ဖန်တီးထားတာတွေ ဖြစ်နိုင်ပါသည်။ လမ်းလျှောက်လာရင်း ဗန္ဓုလပန်းခြံအနား ရောက်လာသောအခါ မိကျောင်းကန် သပိတ်စခန်းမှာ တီရှပ်အနီ ဆင့်တူဝတ်ထားသော အဘွားကြီးတွေ နဖူးစီး နီနီတွေနှင့် တွေ့ရသည်။ ဒါဟာ အခုခေတ်

mgyoe.com

mgyoe.com
SAMPLE BOOK

တော်လှန်ရေးဖက်ရှင်။ ဆန္ဒပြသူတွေ ဖြိုခွဲခံရကာ ထောင်ထဲ ရောက်သူ ရောက်ကုန်သည်။ ဆေးဆိုးပန်းရိုက် လုပ်ငန်းတွေတော့ ဆက်လက် အောင်မြင်နေဆဲ ဖြစ်သည်။ သူက ပြောသေးသည်။

'form နဲ့ content ဆိုတာ နိုင်ငံရေးမှာလည်း ရှိတယ်ကွ။ ခေတ် တွေ ပြောင်းသွားပြီ။ တော်လှန်ရေးတစ်ရပ် ဆင်နွှဲဖို့ ကတ်စထရိုတို့ ခေတ်ကလို ရိုင်ဖယ်သေနတ်တွေ စုဆောင်းနေစရာ မလိုတော့ဘူး။ လက်ကိုင်ဖုန်းတစ်လုံးရှိရင် ရပြီ။ အီး ရီဖော်လူးရှင်းပေါ့လေ'

ပုံသဏ္ဌာန်က အဓိကမဟုတ်။ အနှစ်သာရက အဓိက။ ဆန္ဒပြပွဲ တိုင်းတွင် ကျောပိုးအိတ်လွယ်ကာ ဂျင်းပင်ဝတ်ထားသော လူငယ်ကလေး တွေ တွေ့တွေ့နေရသည်။ သူ့ကိုကြည့်ရတာ တက်တက်ကြွကြွ ရှိနေ သည်။ သူ့အပြောအရ ...

သူ မလိုချင်ဘဲ ယူခဲ့ရသည့် ၂၀၀၈ အခြေခံဥပဒေနှင့် လမ်းခွဲ လိုက်သည်။

'တကယ်တော့ ရွှေရည်စိမ် အိမ်ထောင်ရေးပါကွာ။ ငါလိုချင်တာ က လွတ်လပ်ရေး၊ တရားမျှတမှု၊ တန်းတူညီမျှရေး။ အဲဒီကလေးတွေ မွေးမပေးနိုင်တဲ့ တကယ့် ဒီမိုကရေစီအမြုံမပဲ။ ၂၀၁၅ မှာတော့ ငါ နောက် အိမ်ထောင် ထပ်ပြုချင် ပြုဖြစ်မယ်'

သူ့နာမည်က နိုင်ငံရေး ဖြစ်သည်။ သူ့ကို ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ သမဂ္ဂအဆောက်အအုံ ဖုံးခွဲခံရသောနေ့တွင် မွေးခဲ့သည်။ သူ့အရပ် က ဒေါ်အောင်ဆန်းစုကြည် ပဝါလောက် ရှည်သည်။ သူ့အသားက သမ္မတကြီး တိုက်ပုံအကျႌလောက် ဖြူသည်။ သူ့ကိုယ်အလေးချိန်က လွှတ်တော်ဥက္ကဋ္ဌ၏ ကုလားထိုင်လောက် ရှိမည်။ သူ့နာမည်က နိုင်ငံရေးတဲ့။

ကွယ်လွန်သွားသော သူ့အမေ 'ဖဆပလ'အကြောင်း သူ မှတ်မိ သမျှ ပြန်ပြောပြသည်။ သူ့မိထွေး 'မဆလ'က သူ့အပေါ် မကောင်း။ တကယ်တော့ သူက ရှင်ကြီးဝမ်းလည်း ဝင်ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူး သည်။ ဝရမ်းပြေးဘဝနှင့် ကျိုးလန့်စာစား နေဖူးသည်။ ထောင်ကျကာ 'ခဲ'ရေသောက်၊ ဆန်လုံးညို စားဖူးသည်။ တောခိုကာ ဝါးရုံပင်အောက်မှာ အိပ်ဖူးသည်။ နိုင်ငံရေးပါတီကြီးတစ်ခုတွင် ထီးကိုင်၊ ဖိနပ်ကိုင် လုပ်ဖူး

mgyoe.com